# COVID-19 ကူးစက်ပြန့်ပွားမှု အရှိန်လျော့ပါး၍ ရပ်ဆိုင်းသွားစေရန် ထိရောက်သော ကြိုတင်ကာကွယ်မှုအစီအမံတစ်ခုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဘဏ်ခွဲများကို လျော့ချဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဆောင်ရွက်ခြင်း နှင့်ပါတ်သက်၍ရေဝတီဘဏ်၏ Customer များနှင့် မိဘပြည်သူများသို့ အသိပေးခြင်း

၁။ ရေဝတီဘဏ်သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးတို့အတွက် အစီအစဥ်များ သတ်မှတ် ရေးဆွဲ၍ ကိုဗစ်ကာလ စတင်ကာလကပင် အထူးကြိုးစား ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူများ နှင့် ရေဝတီဘဏ်ဝန်ထမ်းများ၏ ကျန်းမာရေးလုံခြုံစိတ်ချရေးသည် ရေဝတီဘဏ်၏ အဓိက ဦးစားပေး ဖြစ်ပါသည်။

၂။ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးတာဝန်ခံများမှ ကျန်းမာရေးနှင့်ကပ်ရောဂါဗေဒရှုထောင့်မှ သုံးသပ်ချက်များ နှင့်အညီ တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ နေထိုင်ခြင်း ( social distancing )၊ မိမိနေအိမ်တွင်နေထိုင်ခြင်းနှင့် အစိုးရမှထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို လိုက်နာခြင်းသည် ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးအတွက် အထောက် အကူပြုဆုံး နည်းလမ်းဖြစ်ပါသည်။ ရေဝတီဘဏ်အနေဖြင့် COVID-19 ကူးစက်ပြန့်ပွားမှု အရှိန်လျော့ပါး၍ ရပ်ဆိုင်းသွားစေရန် ထိရောက်သော ကြိုတင်ကာကွယ်မှု အစီအမံတစ်ခုအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ ရန်ကုန်တိုင်းအတွင်းရှိ ဘဏ်ခွဲ (၁၂၁) ခု အနက်မှ (၄၆)ခု ကို (၂၁-၉-၂၀၂၀) တွင် စတင် လျော့ချဖွင့်လှစ်ပြီး ဘဏ်ဝန် ဆောင်မှုများ ပေးလျက်ရှိပါသည်။

၃။ ရေဝတီဘဏ်၏ Customer များအနေဖြင့်  Digital Banking ဝန်ဆောင်မှုများဖြစ်သော Internet Banking, Mobile Banking 2.0 နှင့် AYA Pay တို့ကို အသုံးပြုပြီး ဘဏ်ဝန်ဆောင်မှုများကို ရယူနိုင်သကဲ့သို့ နီးစပ်ရာ ATM များမှလည်း ငွေသားထုတ်ယူနိုင်ကြောင်း အသိပေးအပ်ပါသည်။ ဖွင့်လှစ်ထားသော အခြားနီးစပ်ရာ ဘဏ်ခွဲများ တွင်လည်း ဝန်ဆောင်မှုများကို ပုံမှန်အတိုင်းပေးလျက်ရှိပါသည်။  COVID-19 စတင်ဖြစ်ပွားစဥ် ကာလမှပင် ဆက်သွယ်ဆက်ဆံနေသော Customer များ စိုးရိမ်ကြောင့်ကြမှု မဖြစ်စေရန် ဘဏ်ဝန်ထမ်းများအားလုံးအား facemask ၊ face shield၊ gloves များဝတ်ဆင်စေပြီး နှင့် counter shield များကိုလည်း တပ်ဆင်ထား ပြီးဖြစ်ပါသည်။

၄။ ယခုဆက်လက်ဖွင့်လှစ်ထားသော ရေဝတီဘဏ်ခွဲများ၏ လိပ်စာများသိရှိလိုပါက (https://bit.ly/2Hqm724) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ရေဝတီဘဏ်လုပ်ငန်းနှင့် ဆက်စပ် သည့် အချက်အလက်များကို ရေဝတီဘဏ်၏ Contact Centre 01-2317777 နှင့် info@ayabank.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ယခုကဲ့သို့ COVID-19 ရောဂါပိုးဖြစ်ပွားချိန်တွင် ရေဝတီဘဏ်အနေဖြင့်  မိမိတို့၏ Customers များနှင့် ဘဏ်ဝန်ထမ်းများ၏ ကျန်းမာရေးကို အဓိက ဦးစားပေးအဖြစ် ထားရှိသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ COVID-19 ရောဂါတိုက်ဖျက်ရေးကိုလည်း နိုင်ငံတော် အစိုးရ၊ ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်း အားဖြည့် ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

သတင်းထုတ်ပြန်ရေးကော်မတီ<br>ရေဝတီဘဏ် လီမိတက်

ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်။

**Notice of Precautionary closure of designated AYA Bank branches in Yangon as part of effective measures to slow down and stop the spread of the COVID-19 pandemic.**

To our Valued AYA Customers and the General Public,

1. As part of the activation of infection prevention and control measures and Business Continuity Plan (BCP), AYA Bank is closely monitoring the Coronavirus Pandemic (COVID-19) outbreak. AYA Bank has implemented the guidelines and recommendations of the Ministry of Health and Sports. The continued health and safety of our employees and our customers is our highest priority.

2. Public healthcare officials, particularly epidemiologists, continue to advise that social distancing and self-isolation (stay at home) are the most effective way to prevent the rapid spread of COVID-19, the MOHS guidelines also state the same. Accordingly, starting from 21st September 2020, with the consent of the Central Bank of Myanmar, (46) out of (121) Branches in Yangon Region are closed for banking operations.

3. AYA Bank encourages our customers to visit our other branches in Yangon or to use the Mobile Banking 2.0, Internet Banking, AYA Pay and ATM services. All AYA Bank branches are equipped with counter-shields, disinfected regularly, and staff wear masks, face shields and gloves, to ensure that our customers also feel safe, secure and comfortable.

4. AYA Bank is continuously monitoring the situation to for the safety of all our stakeholders. For further information, please call our Contact Centre at 01-2317777, email to info@ayabank.com or visit ( https://bit.ly/2Hqm724 ) . AYA Bank, together with government and the public, is fully dedicated to support Myanmar's fight against the COVID-19 for the well-being of our communities, customers and employees as the utmost priority.

Information Committee
AYA Bank Limited

September 22nd, 2020.